## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ၍ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇)အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

## ပြည်ထောင်စု၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စနိ" ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ပြည်ထဲရေး .... .... | .... | ၁၂၀ |
| အမျိုးသားစီမံကိန်း .... | .... | ၂၀ |
| ကျန်းမာရေး .... .... | .... | ၁၀ |
| ပေါင်း .... | .... | ၁၅၀ |

# အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | .... | ၁၀ |
| ပြည်သူ့အိုးအိမ်မြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။ | .... | ၁၀ |
| ပေါင်း .... | .... | ၂၀ |

(ပုံ) ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

နေပြည်တော်၊ ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။